# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

## ၁၉ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၃- ၄ -၂၀၁၂ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ငပုတော မြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင် တို့တွင် ဘိလပ်မြေစက်ရုံ တည်ဆောက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဂ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ယခင် စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်လုပ်ပြီး "ဝင်းသူဇာ" ဆိုင်များတွင် ရောင်းချခဲ့သည့် လူသုံးကုန်ပစ္စည်းများအား ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ခေတ်တွင် ပြည်ထောင်စုစက်မှုဝန်ကြီးဌာနရှိ စက်ရုံကြီးများမှ ဆက်လက်ထုတ်လုပ် ရောင်းချရန်** အစီအစဉ် ရှိ/မရှိ နှင့် **မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက် စေရန် စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်မှုကို ဆောင်ရွက်နေစဉ် ကားအို၊ ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုးကားဝယ်ယူခွင့်များ ကို ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုအနေအထား မည်သို့ရှိသည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦး တင်ပြလာသည့် ၅၀၀၀ ကျပ်တန် SIM Card အစီအစဉ်သည် Mobile ဖုန်း ဆက်သွယ်ရေးစနစ်ကို ပြည်သူများ စရိတ်စက အထူးသက်သာစွာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ယင်း အစီအစဉ်ကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့်** စပ်လျဉ်းသည့် မေးခွန်းနှင့် **သုံးစွဲမှုစရိတ် ကြီးမြင့်နေသော Internet ဈေးနှုန်းများကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ Internet connection များ မြန်ဆန်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည့်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီမြို့နယ်တွင် ပြိုလဲကျနေသည့် CDMA ဖုန်းလိုင်း ဆက်သွယ်ရေးတိုင်ကို ပြန်လည်စိုက်ထူပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သွင်းကုန် ပို့ကုန် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၁၉၅၅ခုနှစ်၊ အစိုးရအိမ် ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၁၂။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော လူမှုဖူလုံရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၁၄။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လူမှုဖူလုံရေး ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၅။ ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၇ ၊ ၄၂၆ ၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၆။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၇။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ / နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန် နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ်ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။